## ဒီနေ့အတွက် သိကောင်းစရာ (၅၈)

## (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၂) ရက်

## အနာကြီးရောဂါအကြောင်း ဘာတွေသိထားသင့်ပါသလဲ?

အနာကြီးရောဂါဆိုတာ *Mycobacterium Leprae* ဘက်တီးရီးယားပိုးကြောင့်ဖြစ်ပွားတဲ့ နာတာရှည်ကူးစက်ရောဂါတစ်မျိုး ဖြစ်ပါတယ်။ အဓိကအားဖြင့် အရေပြားနှင့် အာရုံကြောတွေကို ထိခိုက်ပျက်စီးစေပါတယ်။ ရောဂါကူးစက်သည်မှ ရောဂါလက္ခဏာပြသည်အထိ ပျမ်းမျှ (၃)နှစ်မှ (၅)နှစ်အထိ ကြာတတ်ပါတယ်။

### အနာကြီးရောဂါ ဘယ်လိုကူးစက်ပျံ့နှံ့ပါသလဲ?

- ဆေးကုသမှုမခံယူထားတဲ့ လူနာရဲ့အနာမှ ထွက်ရှိတဲ့အရည်များနှင့် နှာခေါင်းနှင့် ပါးစပ်တို့ကထွက်ရှိတဲ့ သလိပ်နှင့် အရည်များမှတစ်ဆင့် → အခြားလူများကို အရေပြားခြင်း ထိတွေ့ရာမှ (သို့မဟုတ်) အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်ပါတယ်။
- အနာကြီးရောဂါလူနာနှင့် ကြာရှည်အတူနေထိုင်သောသူများတွင် ပိုမိုကူးစက် ဖြစ်ပွားနိုင်ပါတယ်။
- သာမန်ထိတွေ့နေထိုင်ရုံဖြင့် မကူးစက်နိုင်ပါ။ အနာကြီးရောဂါဟာ မျိုးရိုးလိုက်သောရောဂါမဟုတ်ပါ။

### အနာကြီးရောဂါရဲ့ ရောဂါလက္ခဏာက ဘာတွေလဲ?

- ထုံနေသောအကွက်များ၊ အရောင်ဖျော့သော အဖြူကွက်/ အနီကွက်များနှင့် အဖုအသီးများ၊ အာရုံကြောပျက်စီးသည့် လက္ခဏာများဖြင့် ဖြစ်ပေါ်လာတတ်ပါတယ်။
- အခြားအရေပြားရောဂါတွေနဲ့ ကွဲလွဲတဲ့အချက်ကတော့ ထိ၊ နာ၊ ပူ၊ အေး မသိဘဲ ထုံနေခြင်း၊ ချွေးမထွက်ခြင်း၊ မယားခြင်း၊ အကွက်မပေါ်ပဲ အသားအရေပွလာပြီး အဖုအသီးတွေ ထွက်လာတတ်ပါတယ်။ မျက်နှာ၊ နားရွက်တို့မှာ ထူအမ်းအမ်းဖြစ်နိုင်သလို ခြေ၊ လက်ဖမိုးဖဝါးထုံနေတာတွေ ဖြစ်တတ်ပါတယ်။
- အာရုံကြောတွေထိခိုက်မယ်ဆိုရင် ခြေ၊ လက်၊ မျက်နှာရှိ ကြွက်သားများ အားနည်းခြင်း၊ လှုပ်ရှားမရခြင်းနှင့် အာရုံကြောကြီးခြင်းများ ဖြစ်တတ်ပါတယ်။
- **အနာကြီးရောဂါပျောက်ကင်းအောင်ကုသနိုင်သည့် အနာကြီးရောဂါကုဆေးပေါင်း (MDT) ကို ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဌာနတွေမှာ အခမဲ့ရရှိနိုင်ပါသည်။** စောစီးစွာဆေးကုသမှုခံယူခြင်း၊ ပုံမှန်ဆေးသောက်ခြင်းအားဖြင့် ကိုယ်အင်္ဂါချို့ယွင်းမှု၊ မသန်မစွမ်းဖြစ်မှုများကို ကာကွယ်နိုင်ပါသည်။ အခြားသူများထံသို့ ရောဂါကူးစက်နိုင်စွမ်း မရှိတော့ပါ။

**အနာကြီးရောဂါဖြစ်ပွားလေ့ရှိရာဒေသမှာနေထိုင်သူတွေအနေနဲ့ အထက်ဖော်ပြပါလက္ခဏာတွေရှိ/မရှိ မိမိကိုယ်ကို မကြာခဏစစ်ဆေးသင့်ပါတယ်၊ သံသယတစ်စုံတစ်ရာရှိခဲ့ရင်နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်၍ စောစီးစွာသွားရောက်စစ်ဆေးကုသမှုခံယူရမှာဖြစ်ပါတယ်။**





**အနာကြီးရောဂါလက္ခဏာများ**